# ပြည်သူ့လွှတ်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ ဥက္ကဋ္ဌ
# ဦးညွန့်ဆောင်
# အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ
# တာဝန်ရှိသူများနှင့် တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ပြည်သူ့လွှတ်တော် စီမံကိန်းနှင့်ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးညွန့်ဆောင်သည် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အဦး ရေးရာဆောင် (I-7) အောက်ထပ်၌ တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် ကော်မတီဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်တာဝန်များနှင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဦးစီးဌာနအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဂန်များအားရှင်းလင်းတင်ပြကြပြီး ကော်မတီအဖွဲ့ဝင်များမှ ပြန်လည်မေးမြန်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီဥက္ကဋ္ဌနှင့်အတူ အတွင်းရေးမှူး အဖွဲ့ဝင်များနှင့် အမျိုးသားစီမံကိန်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးကျော်ထင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။